# ကြေးမုံ

**The Mirror**

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (25-3-2007) (၅၂၇၂)


## အမှာစကားပြောကြား

**အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်



တပ်မတော် အစိုးရလက်ထက်မှာ အမျိုးသားပြန်လည်စည်းလုံးမှုကို ရခဲ့တာကြောင့် နိုင်ငံတော်ဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက် လာတာဖြစ်တယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုဟာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပေါ်မှာ လုံးဝတည်မှီနေကြောင်း ထင်ရှားတဲ့ လက်တွေ့သာဓကဖြစ်တယ်။ နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ် အားလုံးမှာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား သွေးချင်းတွေက တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ ဖြစ်တည်နေတဲ့ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြဖို့၊ ဝိုင်းဝန်းကာကွယ်ကြဖို့ လိုအပ်တယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ–





# မိမိတို့အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းကြီးများ ပြည့်စုံအောင်မြင်သွားသည့်အချိန်၌ နိုင်ငံတော်ကြီး မည်ကဲ့သို့ တိုးတက်ဖွံ့ဖြိုးနေမည်ဆိုသည့်ပုံသဏ္ဌာန်ကို မှန်းဆကြည့်၍ရနေပြီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ကိုအလုပ်အကျွေးပြုမည်၊ နိုင်ငံတော်တိုးတက်ရမည်ဆိုသည့် စိတ်စေတနာဖြင့် ကြိုးပမ်းလုပ်ကိုင်

နေပြည်တော် မတ် ၂၄

**အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ★

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၅-၃-၂၀၀၇
(တနင်္ဂနွေနေ့)

# နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အထူးစီမံကိန်းများ အချိန်မီပြီးစီးရေးကြိုးပမ်း

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးကို မျက်ခြည်ပြတ်မခံဘဲ ဒေသအလိုက် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုနှင့် အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ကြိုးပမ်းလျက်ရှိရာ ကဏ္ဍအသီးသီး၌ အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေသည်။

နိုင်ငံတစ်ဝန်း တည်ဆောက်ရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဆည်တမံကြီးများ၊ တံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများနှင့် စက်ရုံ အလုပ်ရုံများစွာ ပြီးစီးပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ယင်းစီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၃ ရက်နေ့က နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေး၌ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားရာတွင်–

**တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းလုပ်ငန်းကြီးများသည် အရေးကြီးသော အခန်းကဏ္ဍမှာ ရှိနေသည်ကို ရှင်းလင်းစွာ သုံးသပ်ခံယူပြီး ဝန်ကြီးဌာနအလိုက် မိမိတာဝန်ယူရသည့် အပိုင်းများကို ဖိဖိစီးစီး၊ ထိထိရောက်ရောက် ကြိုးစားလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ စီမံကိန်းကြီးများ၌ နှစ်တိုစီမံကိန်းနှင့် နှစ်ရှည်စီမံကိန်းဟူ၍ စီမံကိန်းကြီးများရှိကြရာ စီမံကိန်းများကို သတ်မှတ်ထားသော ကာလအတွင်း အချိန်မီပြီးစီးအောင်၊ ဖြစ်နိုင်ပါက သတ်မှတ်ချိန်ကာလထက် စောပြီးစီးအောင် ကြိုးစားကြရန်လိုကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

စီမံကိန်းလုပ်ငန်းများကို လက်တွေ့ဖော်ဆောင်ရာတွင် လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အတူ တည်ဆောက်ရသည့် လုပ်ငန်းပမာဏ ကြီးမားသကဲ့သို့ သုံးစွဲရသည့် ငွေကြေးပမာဏမှာလည်း များပြားလှသဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ခြိုးခြံချွေတာ သုံးစွဲနိုင်ရေး ကြိုးကြပ်စီမံသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ အကျိုးအတွက် အထောက်အကူပြု အထူးစီမံကိန်းလုပ်ငန်းကြီးများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ညှိနှိုင်းပူးပေါင်း ကြိုးပမ်းဖော်ဆောင်နိုင်ခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့် အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရရှိလာမည် ဖြစ်ပါသည်။ ။



**အနန္တောအနန္တ ငါးပါးနှင့် ကျေးဇူးရှင်များအား အမှူးထား၍ ရန်ကုန်မြို့ ညီမတစ်စုနှင့် ဒေါ်ချစ်ကြည်၏ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၂၂၅၀၀၀ ကို မိုးမိတ် အနုနာယက ဆရာတော် ဘဒ္ဒန္တ ဝိနယထံရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လျှပ်စစ်မီးသုံးစွဲသူ လိုအပ်ချက်ပေါ်မူတည်ပြီး ဓာတ်အားပြည့်ဝစွာပေးနိုင်ရေး အနာဂတ်တိုးတက်လာမည့်အင်အားနှင့် အခြေအနေကို မျှော်မှန်းဆောင်ရွက်

ရန်ကုန် မတ် ၂၄

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ရွှေပေါက်ကံမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိသည်။**

ယင်းနောက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာဦးဝင်းဇော်က လှော်ကားဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် ထရန်စဖော်မာ ၂၈လုံး၊ ပုဂ္ဂလိကပိုင် ထရန်စဖော်မာ ၃၈လုံး စုစုပေါင်း ထရန်စဖော်မာ ၆၆ လုံးတို့က မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်၊ အစိုးရရုံးဌာနများ၊ စက်မှုဇုန်ရှိ စက်ရုံ အလုပ်ရုံများကို ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားပေးဝေမှု မီးလေးမျိုး လမ်းမီး၊ အိမ်သုံးမီး၊ ၂၄ နာရီမီးနှင့် စက်မှုဇုန်ရှိ မီး စုစုပေါင်း ၇ ဒသမ ၈၆ မဂ္ဂါဝပ်ကို ယနေ့ စနစ်တကျ ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် အင်ဂျင်နီယာချုပ် ဦးထွန်းအေးတို့က ရန်ကုန်မြို့ လှော်ကားဓာတ်အားခွဲရုံမှ 33 KV လိုင်းဖြင့် ပုလဲမြို့သစ် အမှတ်(၃)လမ်းမကြီးနှင့် Mitsui စက်မှုဇုန်၊ ရန်ကုန်ဇုန်တို့ကိုဖြတ်သန်း၍ ရွှေပေါက်ကံမြို့သို့ လျှပ်စစ်ဓာတ်အား သွယ်တန်းထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**မျှော်မှန်း**

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် ပြည်သူလူထုအင်အား၊ လျှပ်စစ်မီးသုံးစွဲသူလိုအပ်ချက်အပေါ် မူတည်ပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ပေးနိုင်ရေးနှင့် နောင်အနာဂတ် တိုးတက်လာမည့်အင်အားနှင့် အခြေအနေကို မျှော်မှန်းပြီး စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုးညှင်းဝိပဿနာတိုက်သစ် သင်္ကြန်တရားစခန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်တွင် ကျေးဇူးတော်ရှင် မိုးညှင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ပဋ္ဌာန်းတရားနှင့် ခန္ဓာဉာဏ်မြင် ဝိပဿနာတရားများကို ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၁ ရက် ညအရောက် လာရောက်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ (က–ပ)

## သာသနသိရီ(ဝါပ) ဆွမ်းလောင်းအသင်း ဓမ္မပူဇာတရားပွဲ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် မင်္ဂလာသီရိလမ်းရှိ မြို့သစ်ရပ်ကွက်လုံးဆိုင်ရာ သာသနသိရီ(ဝါပ) ဆွမ်းလောင်း ဓမ္မာရုံကြီးတွင် ပထမအကြိမ် ဓမ္မပူဇာသဘင် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၃ ရက်(အင်္ဂါနေ့)၌ အရှင်စန္ဒသိရီ(အောင်စကြာ–မိုးကုတ်)၊ ဧပြီ ၄ ရက်(ဗုဒ္ဓဟူးနေ့)၌ အရှင်ဘဒ္ဒန္တ အင်္ဂီရသ (ပါဠိကာရီ–ဆရာတော်)၊ ဧပြီ ၅ရက် (ကြာသပတေးနေ့) ၌ အရှင်ကုသလ(သာသနဇောတိဓမ္မာစရိယ) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက် နာယူနိုင်ကြောင်း သိရသည်။ (က–ပ)





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တာမွေမြို့နယ်ရှိလေးထောင့်ကန်လမ်းအပိုင်းအား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

ရန်ကုန် မတ် ၂၄

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့ လိုက်ပါ၍ မတ် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိလမ်းများ အဆင့်မြှင့်ရေး၊ ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးတို့အတွက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် တာမွေမြို့နယ် တာမွေလေးမီးရထားတံတားအနီးသို့ နံနက် ၆နာရီ ၄၅မိနစ်တွင် ရောက်ရှိလာပြီး တာမွေမြို့နယ်ရှိ လေးထောင့်ကန် လမ်းအပိုင်းအား ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် အင်းစိန်လမ်းမကြီးအား ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ ဌာနမှူးဦးဗိုလ်ဌေးကလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်ရမည့် အပိုင်းများကိုရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်နေရသည်ဖြစ်၍ အချိန်နှင့်တစ်ပြေးညီပြီးစီးစေရန်နှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်း ကျစ်လျစ်ခိုင်မာစွာဖြင့် ကြံ့ခိုင်မှုပြည့်ဝစေရန် စေတနာထား ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(၁၉)

# တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဝေဒနာရှင်များ ဖော်ထုတ်ခြင်း အစွမ်းထက်တီဘီဆေးများဖြင့် DOTS နည်းဗျူဟာကျင့်သုံး ဆေးတိုက်ကျွေးခြင်းသည် အရေးကြီး

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ၂၀၀၇ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





**ရန်ကုန် မတ် ၂၄**

၂၀၀၇ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ၁၉၉၄ ခုနှစ်မှ စတင်၍ DOTS နည်းဗျူဟာဖြစ်သည့် တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု ကိုကျင့်သုံး၍ တီဘီရောဂါကို အမျိုးသားရေး အသွင်ဖြင့် ဦးစားပေး တိုက်ဖျက်လျက်ရှိကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ခြင်း၊ အစွမ်းထက်သော တီဘီဆေးများဖြင့် DOTS နည်းဗျူဟာကျင့်သုံးကာ ဆေးတိုက်ကျွေးခြင်းသည် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးအနေဖြင့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေး ဆောင်ရွက်စို့"** ဆောင်ပုဒ်အတိုင်း ပြည်သူလူထုအတွင်း တီဘီရောဂါကင်းဝေး ပပျောက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက တီဘီရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှု ပထမဆုရရှိသော သန်လျင်မြို့နယ်၊ ဒုတိယဆုရရှိသော ဒေါပုံမြို့နယ်နှင့် တတိယဆုရရှိသော လှည်းကူးမြို့နယ်နှင့်အလုံမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က တီဘီရောဂါဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသူများအား တီဘီရောဂါ ပညာပေး ဇာတ်လမ်းဖြင့် ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တီဘီဆေးတိုက်ကျွေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် ဧည့်သည်များနှင့်အတူ ခန်းမအပြင်၌ ပြသထားသည့် တီဘီရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ စာအုပ် စာစောင်များနှင့် ပိုစတာများကို ကြည့်ရှုကြပြီး တီဘီရောဂါ ဝေဒနာရှင်များအား တီဘီဆေးများကို တိုက်ကျွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သုဝဏ္ဏသိင်္ဂီရိပ်သာ ရာပြည့်တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဓမ္မရိပ်သာကြီး၏ အကြိမ်(၁၀၀)မြောက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရာပြည့် တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော် မဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ကစ္စာယနနှင့် ဓမ္မကထိက ဆရာကြီးဦးခင်မောင် (သုဝဏ္ဏသိင်္ဂီ)တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၀၇ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတ နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စစ်ဒိုရာ၊ ဘာကိုဂျီအမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# ဗုဒ္ဓပွင့်ရာ မြေမြတ်မဟာဌ် သာသနာ့အမွေခံယူပွဲ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်၊ အိန္ဒိယ နိုင်ငံ ဗုဒ္ဓဂယာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ကုသိနာရုံ ဆရာတော် ဘဒ္ဒန္တဉာဏိဿရတို့အား သိက္ခာတော် ထပ်နှင့် သားသမီးများအား ရှင်ပြု နားသ အလှူတော်မင်္ဂလာကို အလှူ ဒါယကာ ဦးမြ - အလှူဒါယိကာမ ဒေါ်အေးသန်း (အေးမြပြည့်စုံကုမ္ပဏီ) မိသားစုတို့က ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ မြေမြတ်မဟာဖြစ်သော အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြီး ပင့်သံဃာတော်များနှင့် ဖိတ်ကြားထားသော ပရိသတ်တို့အား အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် သက်သဿနဂိုရ် နေရာမြတ်တို့အား ပါရမီဖြစ် ဘုရားဖူး ပို့ဆောင်ခြင်း ကုသိုလ်ခရီးစဉ်ကို မတ် ၂၆ ရက် (တနင်္လာနေ့)တွင် သွားရောက်မည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

# တိုက်ကြီးမြို့နယ် ငါးမွေးမြူရေး အလုပ်စခန်း ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မတ် ၁၆ ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီး မြို့နယ် ကလော့သော့ကျေးရွာရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ ဧက ၁၅၀၀ ငါးမွေးမြူရေးအလုပ်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်၌ အလုပ်စခန်း တာဝန်ခံ အရာရှိ အထူးစုံစမ်းစစ်ဆေး ရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးအောင်မျိုးကျော်က လုပ်ငန်း ဆိုင်ရာများကို လည်းကောင်း၊ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်က တာပေါင်ပြုပြင်ခြင်း၊ ဝန်ထမ်းများ အား ထောက်ပံ့ပေးအပ်မှု အခြေအနေ များ၊ ငါးမွေးမြူထားရှိမှု အခြေအနေ များကိုလည်းကောင်း ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက် များကို ဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် အကျဉ်း ဦးစီးဌာန၏ အမှတ်(၂) စိုက်ပျိုး ထုတ်လုပ်မှုစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးခင်စိုးက စခန်းတွင် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး အကျဉ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက မိုးစပါးနှင့် နွေစပါး များ စိုက်ပျိုးမှု၊ အခြားသီးနှံများဖြစ် သော ဖရဲ၊ ဂေါ်ဖီ၊ ခရမ်း၊ ငရုတ်၊ မတ်ပဲများ စိုက်ပျိုးမှုတို့ကို ဖြည့်စွက် ရှင်းလင်းတင်ပြ၍ ဝန်ကြီးက သီးနှံ များ တိုးချဲ့စိုက်ပျိုးသွားရန်၊ ပန်းတိုင် အထွက်နှုန်းမီအောင် ကြိုးပမ်းကြရန် ပြောကြားကာ စခန်းရှိ လိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်ပေး ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**နှစ်ပါးစုံညီအက ကြည့်ရှုအားပေး**

**ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မူလတန်းကြိုကျောင်း၏ ကျောင်းဆင်းပွဲကို မတ် ၂၁ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ရင်သွေးငယ်များ၏ နှစ်ပါးစုံညီအကကို ကြည့်ရှုအားပေးစဉ်။** (ပညာရေး)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့)**
**(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ရက်(ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **"သူ့ရဲ့ကောင်းများ ထွန်းကားသည်" (အပိုင်း-၂)(ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ပန်းချီ စိုးမိုး)**
- ၂:၁၀ ၆။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုသွေးလှူ ကုသိုလ်ယူ
- ၂:၂၀ ၇။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
- ၂:၃၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ(၂၀၀၆ခုနှစ်)
- ၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
- ၄:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၀၀ ၆။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၂၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၀။ သီရိဂေဟာ
- ၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၃)**
- ၇:၄၅ ၁၂။ ပြည်သူ့အတွက်တပ်မတော် (စက်မှု၊သားငါး၊သတ္တု၊သစ်တော)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၉:၀၀ ၁၆။ **(၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း "အဖေတူသား"(အပိုင်း-၃) (ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း(Examplez)၊ပန်းဖြူ၊ နန္ဒာလှိုင်၊သက်မွန်မြင့်၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်းတရားတော်
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# ရုရှားနှင့်တရုတ် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်

**ပေကျင်း မတ် ၂၃**

ရုရှားနှင့်တရုတ်နိုင်ငံတို့၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဆာဂျီရာဇော့ဗ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ရုရှားက ကုဗမီတာ ဘီလီယံ ၃၀ ရှိသည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချရန် စီစဉ်နေသည်ဟု ၎င်းသံအမတ်ကြီးက ပြောကြားသည်။

မိမိတို့အနေဖြင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ဖြည့်ဆည်းရောင်းချမည့်စီမံကိန်းကို ဖော်ဆောင်နေပြီး ယင်းစီမံကိန်းတွင် တရုတ်နိုင်ငံအနောက်မြောက် ကျင်ကျန်အူရီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဖြတ်သန်းသည့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည့် စီမံကိန်းပါဝင်သည်ဟု ရာဇော့ဗ်က ပြောကြားသည်။

ယင်းစီမံကိန်းသည် ကြီးမားသည့် စီမံကိန်းဖြစ်ပြီး စက်မှုနည်းပညာဆိုင်ရာ ပြဿနာများရှိနေကြောင်း၊ ကျွမ်းကျင်သူများက ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် ဆွေးနွေးနေကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ပါရီကုန်စည်ပြပွဲတွင် ဒေါ်လာ ၃၂၆၀၀၀ တန်ဖိုးရှိ အမှာစာများ ဘင်္ဂလားဒေ့ရှ်ရရှိ

**ဒါကာ မတ် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဝတ်အထည်၊ စားပွဲတင်ကြွေထည်ပစ္စည်း၊ ပလတ်စတစ်နှင့် ဆေးဝါးကုမ္ပဏီများက ပါရီတွင် ဖေဖော်ဝါရီ ၂၂ရက်က စတင်ကျင်းပနေသည့် ကုန်စည်ပြပွဲတွင် အမေရိကန်ဒေါ်လာ၃၂၆၀၀၀ခန့်မှာ အမှာစာများ ကြိုတင်ရရှိနေပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဝတ်အထည်များ၊ ကြွေထည်ပစ္စည်းများ၊ အိမ်သုံးဆေးဝါး၊ အထည်အလိပ်၊ လက်မှုပစ္စည်း၊ ဂုန်နီနှင့် ဂုန်နီပစ္စည်းများ၊ မျက်နှာသုတ် စောင်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီ ၂၄ခုက အဆိုပါပြခန်းတွင် ပါဝင်ပြသခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ပြည်ပကုန် တိုးမြှင့် တင်ပို့ရေးအဖွဲ့က ပါရီမြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် ပူးတွဲဆော်ဩခဲ့ကြပြီး ကုန်သည်ကြီးများ အသင်းနှင့် ပါရီစက်မှုဌာနနှင့် ပူးပေါင်းကာ ပြပွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်က ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချရာမှရရှိသည့် ငွေပမာဏမှာ လွန်ခဲ့သည့်နှစ်အတွင်း ဒေါ်လာ ၆၇၇သန်းအထိရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




**မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူတွင် "၂၀၀၇ခုနှစ် မလေးရှား ခရီးသွားနှစ်" လှုပ်ရှားမှုအတွက် ပြင်ဆင်ထားသည်ကို မတ် ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ – အင်တာနက်)*

# အီရန် အတိုက်ခံရပါက တုံ့ပြန်တိုက်ခိုက်မည်ဟုဆို

**တီဟီရန် မတ် ၂၃**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် တိုက်ခိုက်ခံရပါက မိမိတို့က ပြန်လည်တုံ့ပြန်တိုက်ခိုက်မည် ဖြစ်ကြောင်း ဩဇာတိက္ကမ ကြီးမားသည့် ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားလိုက်သည်။

အီရန်နိုင်ငံ အတိုက်ခိုက်ခံရပါက ဒေသတွင်းရှိ အမေရိကန်၏ အကျိုးစီးပွားများကို ဖျက်ဆီးမည်ဟု ခါမေနီက ယခင်ကပင် ခြိမ်းခြောက်ပြောကြားခဲ့သည်။ ၎င်းက မက်ရှ်ဟက်မြို့တွင် အီရန်နှစ်သစ်ကူး အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မိမိတို့အား ခြိမ်းခြောက်ကာ အင်အားသုံးပြီး အကြမ်းဖက်တိုက်ခိုက်မည်ဆိုပါက မိမိတို့က တုံ့ပြန်တိုက်ခိုက်မည်ဟု၎င်းက ဆက်လက်ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာလျက်ရှိကြောင်း၊ သို့ရာတွင် လုံခြုံရေးကောင်စီမှတစ်ဆင့် အင်အားကြီးနိုင်ငံများက ဥပဒေနှင့်မညီညွတ်သည့် အရေးယူဆောင်ရွက်မှုကို လက်ခံနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

**မိခင် ပိုလာဝက်ဝံဖြူမကြီးက စွန့်ပစ်သွား၍ ဂျာမနီနိုင်ငံ ဘာလင်တိရစ္ဆာန်ရုံအတွင်း နို့တိုက်မွေးမြူထားရသော ဝက်ဝံငယ်လေးကို မတ် ၂၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*





**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ငွေကြေးဈေးကွက်ဌာနတစ်ခုကို မတ် ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ဂျပန်၌ဓာတုဗေဒစက်ရုံ မီးလောင်

**တိုကျို မတ် ၂၃**

ဂျပန်နိုင်ငံနီဂါတာပြည်နယ် ဂျိုစုမြို့ရှိ ဓာတုဗေဒစက်ရုံတစ်ရုံတွင် မတ် ၂၀ရက်က မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားရာ လုပ်သား ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း၊ သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အထပ်လေးထပ်ရှိ စက်ရုံအဆောက်အအုံ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အနီးဝန်းကျင်၌ နေထိုင်သူများကို အန္တရာယ်ကင်းရှင်းရာဒေသသို့ ထွက်ခွာပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ရသည်။

ယင်းစက်ရုံပေါက်ကွဲမှုကြောင့် စက်ရုံဝန်းကျင်ရှိ အဆောက်အအုံ ငါးလုံးမှ မှန်ပြတင်းများ ကွဲကုန်သည်။ အဆိုပါမီးမှ ထွက်လာသော မီးခိုးများသည် တစ်စုံတစ်ရာ အဆိပ်အတောက်မရှိကြောင်း ဂျိုစုအာဏာပိုင်များက ပြောကြားသည်။

ထိုစက်ရုံသည် တိုကျိုအခြေစိုက် ရှင်အစ်စု ဓာတုဗေဒကုမ္ပဏီပိုင် စက်ရုံဖြစ်သည်။ ယင်းကုမ္ပဏီသည် မီသိုင်းဆယ်လူလို့နှင့်အခြားဓာတုဗေဒ ထုတ်ကုန်များထုတ်လုပ်ပေးသော ကုမ္ပဏီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အင်ဒိုနီးရှားတွင် အကြမ်းဖက်သမားအဖြစ် မသင်္ကာသူကိုဖမ်းမိ

**ဂျကာတာ မတ် ၂၃**

အင်ဒိုနီးရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များသည် ဂျော့ဂျ်ဂျကာတာပြည်နယ် ဆလီမန်မြို့တွင် အင်္ဂါနေ့ ညနေပိုင်းက စီးနင်းမှုများ ပြုလုပ်ခဲ့စဉ်အတွင်း ရဲတပ်ဖွဲ့က အလိုရှိနေသည့် အကြမ်းဖက်သမား နူဒင်မိုတော့၏ လက်ထောက်တစ်ဦးဟု ယူဆရသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသည် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံ ရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

၎င်းသည် စစ်သွေးကြွ အဘူဒူဂျာနာဖြစ်သည်ဟု ယူဆရသည်။ သို့ရာတွင် ရဲတပ်ဖွဲ့က ၎င်းမည်သူမည်ဝါ ဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***




# အလိုအလျောက် မောင်းနှင်နိုင်သောကား သုတေသီများ စမ်းသပ်တီထွင်

**လန်ဒန် မတ် ၂၃**

ဗြိတိန်သုတေသီများသည် အလိုအလျောက် သွားလာမောင်းနှင်နိုင်စွမ်းရှိသောကားကို တီထွင်ဖန်တီးနိုင်ခဲ့ပြီဖြစ်ရာ မကြာမီကာလတွင် မောင်းသူမဲ့ကားပေါ်ထွက်လာမည့်အလားအလာပင်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ထိုကားကို အက်စစ်က်တက္ကသိုလ် ကွန်ပျူတာသိပ္ပံဌာနမှ သုတေသီဆိုင်မွန်လူးကပ်စ်က ဦးဆောင်တီထွင်ခဲ့ခြင်းဖြစ်သည်။ ယင်းကားကို နွေရာသီရက်များအတွင်း စမ်းသပ်လေ့လာမည်ဖြစ်သည်။

ကား၏ အောက်ခံဘောင်တွင် ကွန်ပျူတာစနစ်၊ ဗီဒီယိုကင်မရာနှင့် အခြားအာရုံခံကိရိယာများကို ထည့်သွင်းတပ်ဆင်ထားမည်ဖြစ်သည်။ ကွန်ပျူတာ၌ အလိုအလျောက် ထိန်းကြောင်းသွားလာနိုင်သော ဆော့ဖ်ဝဲစနစ်ကို ထည့်သွင်းထားသည်။ ထိုဆော့ဖ်ဝဲ အကူအညီကြောင့် အလိုအလျောက် မောင်းနှင်နိုင်သောကားသည် အခက်အခဲများကိုမှတ်မိနိုင်ခြင်း၊အဆုံးအဖြတ်ပြုကာရှောင်တိမ်းသွားလာနိုင်ခြင်း စသည့် စွမ်းရည်များရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မာဒါဂါစကာကျွန်းတွင် လေမုန်တိုင်း တိုက်ခတ် ဒုက္ခသည်ထောင်ချီရှိပြီး ၆၉ ဦး သေဆုံး

**အင်တာနာနာရီဗို မတ် ၂၄**

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းကို မတ်၁၅ရက်က အင်လာလာမုန်တိုင်းတိုက်ခတ်သွားရာ လူ ၆၉ ဦးထက်မနည်းသေဆုံးကာ နှစ်ဦးပျောက်ဆုံးနေပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း မတ်၂၃ရက်တွင် သတင်းများက ဖော်ပြသည်။

ထိုကျွန်းသည် ကမ္ဘာပေါ်၌ စတုတ္ထအကြီးဆုံးကျွန်းဖြစ်သည် သာမက လူပေါင်း၁၈ဒသမ၆သန်း အခြေစိုက်နေထိုင်ရာဒေသလည်းဖြစ်သည်။ယခုမုန်တိုင်းကြောင့် အိမ်ခြေ ၃၆၀၀ကျော်နှင့် အစိုးရအဆောက်အအုံများစွာ ပျက်စီးသွားပြီး လူပေါင်း ၇၈၀၀၀တို့လည်း အိုးမဲ့အိမ်မဲ့ဖြစ်သည်ဟု အရေးပေါ်ကယ်ဆယ်ရေးအရာရှိဂျက်ကီရမ် ဒင်မ်ဘာရီဆင်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# အင်မရိတ်လေကြောင်း ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမည်

**အဘူဒါဘီ မတ် ၂၃**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ဒူဘိုင်းအခြေစိုက် အင်မီရိတ် လေကြောင်းဌာနသည် ဒူဘိုင်းဟိုတယ်လုပ်ငန်းတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ရန် အမေရိကန်ဒေါ်လာ၇၃၆ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပင်လယ်ကွေ့ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

မိမိတို့က ဒူဘိုင်းဟိုတယ်လုပ်ငန်းအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း အဆိုပါ လေကြောင်းဌာန၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဟောအင်ဆယ်က ပြောကြားသည်။

၁၉၈၅ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အဆိုပါ လေကြောင်းဌာနသည် ဥရောပ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိက၊ အာရှနှင့် မြောက်အမေရိက စသည့်ဒေသများရှိ နိုင်ငံပေါင်း၂၀သို့ လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

**✻ ကျောဖုံးမှ**

လွန်ခဲ့သည့်နှစ်ပေါင်း များစွာကတည်းက ကမ္ဘာပေါ်ရှိလူသားများထဲတွင် ဖြစ်ပွားခဲ့သော ရောဂါတစ်ခုဖြစ်ပြီး အစွမ်းထက်သည့် ဆေးဝါးများပေါ်လာသည့် ကြားကာလတစ်ခုတွင် အနည်းငယ်လျော့ပါးသွားသယောင်ရှိခဲ့ကြောင်း၊ သို့သော်လည်း မကြာခင်ကာလများက ကမ္ဘာပေါ်တွင်ပြန်လည်ခေါင်းထောင်လာသည့် ရောဂါတစ်ခုအဖြစ်ကြားသိခဲ့ရကြောင်း၊ အထူးသဖြင့် ယနေ့ကမ္ဘာပေါ်တွင် ခြိမ်းခြောက်နေသည့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားမှုများပြားလာသည့်အတွက် တီဘီရောဂါသည် ပိုပြီးကြောက်ရွံ့ဖွယ်ရောဂါတစ်ခုဖြစ်လာခဲ့ကြောင်း။

ယခင်က တီဘီရောဂါဖြစ်ပွားသူသည် နှစ်ရှည်လများ ဆေးထိုးဆေးစားရသည့်ရောဂါတစ်ခုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် နာတာရှည်မြစ်ခြောက်ရောဂါဟုသိကြသည့် တီဘီရောဂါဖြစ်လျှင်မိသားစုအတွင်း အလုပ်မလုပ်နိုင်၍ ဝင်ငွေလျော့နည်းရသလို ဆေးကုသရသည့် စရိတ်စက ကုန်ကျမှုကြောင့်လည်း မိသားစုစီးပွားရေးကိုပါ ထိခိုက်လာခဲ့ကြောင်း၊ ယခုအခါ DOTSဟုခေါ်သည့် တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကုနည်းဗျူဟာနှင့်အစွမ်းထက်သည့် ဆေးဝါးများပေါ်ပေါက်လာခဲ့၍ တီဘီရောဂါဝေဒနာရှင်များသည် အချိန်တိုအတွင်း၌ ဆေးဝါးကို အခမဲ့ကုသခွင့်ရရှိကြပြီဖြစ်ကြောင်း။



**၂၀၀၇ ခုနှစ် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေး နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ထိုကဲ့သို့အကျိုးခံစားရမှုများသည် သိပ္ပံပညာဖွံ့ဖြိုးတိုးတက်လာမှု တစ်ခုတည်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၊ လုပ်ငန်းများကိုစနစ်တကျဆောင်ရွက်နိုင်ခဲ့သည့်အပြင် လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပြီး စေတနာ့ဝန်ထမ်းလူမှုရေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့သည့်အတွက်ကြောင့်လည်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် နည်းပညာပိုင်းဆိုင်ရာတွင် တိတိကျကျ ခိုင်ခိုင်မာမာစီမံခန့်ခွဲဆောင်ရွက်ခဲ့သည့်အတွက် တီဘီရောဂါကူးစက်သူ ဝေဒနာရှင်များကို စောစောတွေ့ရှိနိုင်အောင် ရှာဖွေစစ်ဆေးမှုများကို လျာထားချက်ဖြစ်သည့် ၇၀ ရာခိုင်နှုန်းကို ကျော်လွန်ပြီး ၉၅ ရာခိုင်နှုန်းရသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရကြောင်း၊ တီဘီရောဂါဝေဒနာရှင်များကို စနစ်တကျဆေးကုသမှုခံယူရန် နည်းဗျူဟာများချမှတ်ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်းတွေ့ရှိရကြောင်း။

DOTSနည်းဗျူဟာသည် အချိန်ခြောက်လမှ ရှစ်လအတွင်း ရောဂါပျောက်စေရန် ဆေးကိုနေ့စဉ်အချိန်မှန်မှန် မပျက်မကွက်သောက်ရန်လိုအပ်ကြောင်း၊ ဆေးကိုမှန်မှန်မသောက်လျှင် ဆေးယဉ်ပါးသည့်ရောဂါပိုးအဖြစ် ပြောင်းလဲသွားတတ်သဖြင့် တီဘီဝေဒနာရှင်များ ဆေးမှန်မှန်သောက်ခြင်းသည် မိမိရောဂါပျောက်ကင်းရန်သာမက ဆေးယဉ်ပါးသည့် တီဘီရောဂါများကူးစက်ဖြစ်ပွားမှုကာကွယ်ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လူနာများ ဆေးမှန်မှန်သောက်စေရန် မိသားစုဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် အထွေထွေရောဂါကုဆရာဝန်များ ဝိုင်းဝန်းကူညီပေးကြပါရန် တီဘီရောဂါတားဆီးကာကွယ်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံးမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြန်လည်ဦးမော့လာနေသော ရောဂါဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုဖြစ်ပွားကြောင်းလည်းသိရကြောင်း၊ တီဘီရောဂါသည် နာတာရှည်ရောဂါတစ်ခုဖြစ်၍ စီးပွားရေးထိခိုက်ပြီး စီးပွားရေးမကောင်းသည့်သူများမှာ အာဟာရချို့တဲ့၍ တီဘီရောဂါပိုမို ဖြစ်ပွားတတ်ခြင်းကြောင့် တီဘီနှင့် စီးပွားရေးမပြေလည်မှုသံသရာများ လည်နေတတ်ပါကြောင်း၊ ထို့ကြောင့် တီဘီရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းသွားစေရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုနှစ်ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ကမ္ဘာလုံးကို လှုံ့ဆော်ပညာပေးရာတွင် "TB Anywhere is TB Everywhere" **"တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေးဆောင်ရွက်စို့"** ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ကမ္ဘာပေါ်တွင်ရှိသည့် တစ်နေရာရာတွင် တီဘီရောဂါဖြစ်ပွားကူးစက်မှုရှိနေပါက တစ်ကမ္ဘာလုံးကိုကူးစက်နိုင်ခြင်းကြောင့် ဒေသတိုင်း၊ တိုင်းပြည်တိုင်းက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အသိပေးလို၍ဖြစ်ကြောင်း၊ ထို့အတူ တီဘီရောဂါသည် မိမိတို့တိုင်းပြည်က ဒေသတစ်ခုခု၊ တစ်အိမ်အိမ်မှာ ရှိနေခဲ့ပါကလည်း အခြားဒေသ၊ အခြားမိသားစုဝင်များဆီကို ကူးစက်ပျံ့နှံ့သည့်အတွက် လူတိုင်းသည် အလေးထားပြီး တီဘီရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တီဘီရောဂါ ကာကွယ်နှိမ်နင်းသည့်အခါတွင် DOTSဟုခေါ်သည့် တိုက်ရိုက်ကြည့်ရှုအချိန်တိုနဲ့ကု နည်းဗျူဟာကို တစ်ကမ္ဘာလုံး လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ဤနည်းဗျူဟာအရ တီဘီရောဂါ ကူးစက်ဖြစ်ပွားမှုကို တတ်နိုင်သမျှ အစောဆုံးသိရှိစေရန် လူနာများကိုရှာဖွေရေးနှင့် ရောဂါကူးစက်ဖြစ်ပွားနေသည့်လူနာများကို ထိထိရောက်ရောက်ကုသမှု ခံယူနိုင်စေရန် ဆောင်ရွက်ပေးရေးသည် အဓိကကျကြောင်းသိရကြောင်း၊ ထို့ကြောင့် လူနာသစ်များကိုရှာဖွေရာတွင် သုံးပတ်ထက်ကျော်အောင် ချောင်းဆိုးနေသူများသည် နီးရာကျန်းမာရေးဌာနများတွင် လာရောက်သလိပ်စစ်ဆေးခံရန်နှင့် ရောဂါကူးစက်ခံနေရသောသူများသည် ကုသမှုကိုမပျက်မကွက် လာရောက်ခံယူကြရန် ကျန်းမာရေးဝန်ကြီးဌာနက လှုံ့ဆော်ပညာပေးနေသည်ကိုတွေ့ရပါကြောင်း၊ ထို့ကဲ့သို့ တီဘီဝေဒနာရှင်များကို စောစောရှာတွေ့စေရန်နှင့် နေ့စဉ်မှန်မှန်ဆေးသောက်ရန်အတွက် ကြီးကြပ်တိုက်ကျွေးပေးရန် ပြည်သူလူထုအတွင်း၌ရှိသည့် လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများက ဝိုင်းဝန်းတိုက်တွန်းပြီး ကြီးကြပ်ကူညီကြရမည်ဖြစ်ကြောင်း၊ ယခုလည်း လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုက အင်တိုက်အားတိုက် ကူညီဆောင်ရွက်နေကြသည်ကို သိရသည့်အတွက် နိုင်ငံတော်အနေနှင့် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုကြောင်း။

## တိုင်းရင်းဆေးများဖော်ထုတ်ရန်

တီဘီရောဂါကို စမ်းသပ်ရှာဖွေသည့်အခါသလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းပြုလုပ်ရပြီး ဆေးဝါးများကလည်း အတော်အသင့်ကုန်ကျစရိတ်ရှိရာ ရောဂါပျောက်ကင်းမှုအတွက် ပြန်လည်စမ်းသပ်ရသည့်အခါတွင်လည်း သလိပ်စစ်ခြင်းတို့ အကြိမ်ကြိမ်ပြုလုပ်ရသည့်အတွက် ကုန်ကျစရိတ်များရှိသည့်အပြင် ဆေးယဉ်ပါးသည့် ရောဂါပိုးများကို နှိမ်နင်းနိုင်သော ဆေးဝါးသစ်များ၊ အစွမ်းထက်သော တိုင်းရင်းဆေးများကို ဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများလည်း ပြုလုပ်ကြမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် အစွမ်းထက်သော တီဘီဆေးများကို လိုအပ်နေသည့်တိုင်းပြည်များ၊ နေရာဒေသများကို လုံလောက်စွာ ရရှိနိုင်ရန်အတွက် ပုဂ္ဂလိက ဆေးဝါးကုမ္ပဏီများကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဆေးကုမ္ပဏီများအနေနှင့် ဆေးယဉ်ပါးသည့်တီဘီရောဂါပိုးကူးစက်ခံရသူဝေဒနာရှင်များအတွက် အကုန်အကျသက်သာပြီး ထိရောက်မှုရှိသော ဆေးဝါးသစ်များပေါ်ထွက်လာစေရန်၊ သုတေသနများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည့်အပြင် မိရိုးဖလာတိုင်းရင်းဆေးများထဲမှ တီဘီရောဂါအတွက် ထိရောက်မှုရှိသော ဆေးဝါးများကို သိပ္ပံနည်းကျ ဖော်ထုတ်နိုင်အောင်လည်း သုတေသနလုပ်ငန်းများဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံတွင် တီဘီရောဂါကာကွယ်နှိမ်နင်းသည့်အခါ နေရာဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ တောရောမြို့ပါ တီဘီရောဂါ ရှာဖွေကုသနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ တစ်ကမ္ဘာလုံး လိုက်နာကျင့်သုံးနေသည့် နည်းဗျူဟာများအတိုင်း မိမိတို့တိုင်းပြည်နှင့်လိုက်လျောညီထွေစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်းသိရကြောင်း။

သို့မှသာ တီဘီရောဂါကူးစက်မှုတဖြည်းဖြည်းလျော့နည်းပြီး ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာပေါ်ကနေ ကင်းဝေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် တီဘီရောဂါတားဆီးကာကွယ်သည့် နေရာတွင် လက်ရှိအသုံးပြုနေသည့် DOTS နည်းဗျူဟာကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှုလည်း လိုမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအတွင်း တီဘီရောဂါမကူးစက်အောင် နေထိုင်တတ်ရေးနှင့်တီဘီရောဂါ ဖြစ်ပွားလာပါကလည်း ထိရောက်စွာကုသမှုခံယူနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် နည်းမျိုးစုံ၊ မီဒီယာမျိုးစုံအသုံးပြုပြီးပညာပေးကြရန်လည်း လိုအပ်ကြောင်း၊ တီဘီရောဂါကူးစက်မှုကို ပိုမိုဆိုးရွားစေသော HIV/AIDS တားဆီးကာကွယ်ရေးတွင်လည်း ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဆေးယဉ်ပါးသည့် တီဘီရောဂါများဖြစ်မလာစေရန်နှင့် ဆက်လက်ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန်လည်း စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တီဘီရောဂါကုသရေးနှင့် ကာကွယ်ရေးတွင် ပိုမိုအစွမ်းထက်သော ဆေးဝါးနှင့်နည်းလမ်းများ ပေါ်ထွက်လာစေရန်လည်း သုတေသနလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်** Professor Adik Wibowo **က**(WHO)**အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။** (သတင်းစဉ်)

နိဂုံးချုပ်အနေနှင့် ယနေ့ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့တွင် အထူးတိုက်တွန်းပြောကြားလိုသည်မှာစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရှင်များ၊ လူနာနှင့်မိသားစုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကဆေးကုမ္ပဏီများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံးအနေနှင့် လူသားများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် တီဘီရောဂါ ကမ္ဘာပေါ်မှလျော့နည်းသွားရာက လုံးဝပပျောက်သွားစေရန် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြပါဟု ပြောကြားရင်းနိဂုံးချုပ်ပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်ရှိလူများကို ခြိမ်းခြောက်အန္တရာယ်ပေးလျက်ရှိနေသည့် တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀နီးပါးကစပြီး လူသားများကို စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း။

ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ချ်) (Dr. Robert Koch) သည်ရောဂါဆိုးကြီးကို ဖြစ်ပွားစေသည့်တီဘီပိုးကို ၁၈၈၂ ခုနှစ်မှာ ပထမဦးဆုံးစတင်တွေ့ရှိသူဖြစ်၍ ၎င်းကိုဂုဏ်ပြုသည့်အနေနှင့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်စဉ်မတ်လ ၂၄ ရက်မှာကျင်းပခဲ့ရာ ယနေ့အထိပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင်နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူ ကိုးသန်းခန့်ရှိပြီး သေဆုံးသူ နှစ်သန်းခန့်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၇၅ရာခိုင်နှုန်းသည်အသက်(၁၅နှစ်မှ၅၄)နှစ်ကြားအရွယ်ရှိသူများဖြစ်ကြ၍ တိုင်းပြည်၏ကုန်ထုတ်စွမ်းအားအများဆုံးပေးနိုင်သည့်အုပ်စု၌ ဖြစ်ပွားနေသည်ကိုတွေ့ရှိရပါကြောင်း၊ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်သာ အရှေ့တောင်အာရှဒေသနိုင်ငံများတွင် နေထိုင်ခြင်းဖြစ်သော်လည်းတီဘီရောဂါဖြစ်ပွားသည့် လူနာများ၏၄၀ရာခိုင်နှုန်းသည် အရှေ့တောင်အာရှဒေသမှသူများဖြစ်ကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၅ရာခိုင်နှုန်းနှင့် သေဆုံးသူများ၏၉၀ရာခိုင်နှုန်းသည် အရှေ့တောင်အာရှငါးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့(ရှ်)နှင့် မြန်မာနိုင်ငံတို့ကဖြစ်ပြီး ကမ္ဘာပေါ်တွင် တီဘီအဖြစ်အများဆုံး ၂၂နိုင်ငံထဲတွင် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်အနေနှင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို ၁၉၉၅-၁၉၉၆ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၄၅ မှ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၇၅အထိ တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အစွမ်းထက်သည့် တီဘီဆေးဝါးများ အဆက်မပြတ်ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း၏ ၂၀၀၆ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်မည့် (National Stategic Plan) ငါးနှစ်စီမံကိန်းကိုရေးဆွဲပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်တွင် ကျင်းပနေသကဲ့သို့ ပြည်နယ်နှင့်တိုင်းအသီးသီးတွင်လည်း ကျင်းပမည်ဖြစ်ကြောင်း၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုများကို မြို့နယ်တိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ရာ မြို့နယ်တွင်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများဦးဆောင်ပြီး လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ သံသယတီဘီလူနာများအား ဖော်ထုတ်ခြင်း၊ ဆေးသောက်ပျက်ကွက်သူများကို ဖော်ထုတ်၍ ဆေးကုသမှု ဆက်လက်ခံယူစေခြင်း၊ လူနာနှင့်အတူနေ မိသားစုများအား ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၏ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများကို ပြည်နယ်/တိုင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးများမှ ကြီးကြပ်ပေးရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုသို့ ပြန်လည်သတင်းပေးပို့ကြရန် ဤနေရာမှ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ယနေ့ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နီးနွယ်ဝန်ကြီးဌာနများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် နေရာကဏ္ဍအသီးသီးမှ လူတိုင်းလူတိုင်းက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တီဘီရောဂါကို နှိမ်နင်းနိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowoက WHO အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း၊ ဗဟိုကျန်းမာရေးပညာဌာနနှင့် JICA တို့မှ ရိုက်ကူးထားသော ကျန်းမာရေးပညာပေးဓာတ်လမ်းတိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ ဗဟိုကျန်းမာရေးပညာဌာနနှင့် PSIတို့ရိုက်ကူးသော ကျန်းမာရေးပညာပေးနှိုးဆော်ချက်များကို ကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်း၏ နည်းဗျူဟာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံ၏ တီဘီတိုက်ဖျက်ရေး ကွင်းဆင်းစစ်ဆေးမှုမှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၊ တီဘီရောဂါ စစ်တမ်းကောက်ယူခြင်း မှတ်တမ်းဓာတ်ပုံများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၆ခုနှစ် တီဘီရောဂါဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲမှ ဆုများ၊ စာတမ်းများ၊ တီဘီရောဂါရှာဖွေသည့် သင်ကြားရေးဆိုင်ရာ အဏုကြည့်မှန်ပြောင်းများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -လွင့်မျောသွားသောအတွေးများ** |
| ၁:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၂၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၅။ | ချိုမြလက်သံငြိမ့်သြောင်းဟန် |
| ၄:၅၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၃။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၃) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ပဟေဠိနန်းတော် |
| | ၁၈။ | ကျန်းမာသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **"အဖေတူသား" အပိုင်း(၃)** အကယ်ဒမီ ဇင်ဝိုင်း၊အကယ်ဒမီလူမင်း၊ အကယ်ဒမီမင်းမော်ကွန်း၊နေမျိုးအောင်၊ အကယ်ဒမီနန္ဒာလှိုင်၊အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ သက်မွန်မြင့်၊ (ဒါရိုက်တာ-အကယ်ဒမီပန်းချီစိုးမိုး) |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

( ၆၂ )နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# ခေတ်မီတပ်မတော်တည်ဆောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်

ကြယ်ဖြူ

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူတို့နှင့်အတူ ဆင်နွှဲခဲ့သည်။ တပ်မတော်သည် အင်အားကြီးမားသော ဖက်ဆစ်ကို ပြည်သူ့စစ် အခြေခံဖြင့် မြန်မာ့မြေပေါ်မှအောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သည်။ ယင်းနောက် ဗြိတိသျှနယ်ချဲ့၏ ကိုလိုနီထမ်းပိုးအောက် ကျရောက်နေသော မြန်မာနိုင်ငံအား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

**လွတ်လပ်ရေးရပြီးနောက် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများအား (၁၉၄၉-၅၀)ပြည့်နှစ်တွင်လည်းကောင်း၊ (၁၉၅၉-၆၀)ပြည့်နှစ်တွင်လည်းကောင်း၊ (၁၉၆၂-၇၄)ခုနှစ်တွင် လည်းကောင်း ဖြေရှင်းဆောင်ရွက်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပြည်ထောင်စုကြီး မပြိုကွဲစေရန် ထိန်းသိမ်းခဲ့သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်း အကောင်အထည်ဖော်ခဲ့သည်။ ဤသည်တို့မှာ တပ်မတော်၏ သမိုင်းဝင်အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ ဖြစ်သည်။**

**တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများသည်ထာဝရရှင်သန်ဖြစ်တည်လျက်ရှိသည်။ နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအပေါ်တွင် တပ်မတော်သည် အမျိုးသားရေးသစ္စာကို စောင့်သိရိုသေခဲ့သည်။**

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့ရခြင်းသည် ဖရိုဖရဲဖြင့်ပြိုကွဲတော့မည့် ပြည်ထောင်စုကြီးကို ကာကွယ်ထိန်းမတ်လိုက်ခြင်း ဖြစ်သည်။ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အန္တရာယ်မကျရောက်အောင် အချိန်မီ ကာကွယ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုစဉ်ကာလက နိုင်ငံတွင် စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်များလွှမ်းမိုးလာသည့်အပြင် အုပ်ချုပ်ရေးမဲ့၊ အစိုးရမဲ့သကဲ့သို့ ဖြစ်ခဲ့သည်။ ယင်းအခြေအနေကို ထိန်းသိမ်းရန် တစ်ခုတည်းသော အမျိုးသားရေးအင်အားစုဖြစ်သည့် တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရခြင်းဖြစ်သည်။ ဤသည်မှာ အမျိုးသားရေးသစ္စာတရားကို စောင့်သိရိုသေခြင်းပင် ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို ဦးတည်ချက်ရှိရှိဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်က နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို တစ်မျိုးသားလုံး၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ ယင်း ရည်မှန်းချက်ပန်းတိုင် တည်ဆောက် အောင်မြင်ရေးအတွက် တပ်မတော်အစိုးရသည် အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန် အရေးသုံးပါးကို လည်းကောင်း၊ အမျိုးသားရေးဦးတည်ချက်ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို လည်းကောင်း ချမှတ်ပြီး ပြည်သူတို့နှင့်အတူ ကြိုးပမ်းအကောင်

## တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်



အထည်ဖော်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေရပြီးဖြစ်သည်။ မည်သည့်အစိုးရ အဆက်ဆက်ကာလတွင်မျှမမြင်ရ၊ မတွေ့ရသော မြစ်ကူးတံတားကြီးများအပါအဝင် လမ်းတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ စီးပွားရေး အဆောက်အအုံများ၊ မြို့ပြအဆောက်အအုံ တိုက်တာအိမ်ရာများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ် အဆင့်မြင့်ပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း စသည်များသည် နိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသည်။

ဤတွင် အလျဉ်းသင့်လာသဖြင့် တပ်မတော်အစိုးရက နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ပကတိအရှိတရားကို အကျဉ်းမျှ ဖော်ပြလိုပါသည်။ ၁၉၈၈ခုနှစ်တွင် မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာသင်ကျောင်းပေါင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၄၀၅၂၅ ကျောင်းရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာဆရာ အင်အားမှာ ၁၇၃၇၇၂ ဦး ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၂၄၁၈၅၄ ဦး ရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအခြေခံပညာကျောင်းသားအင်အား ၅၂၃၉၈၇၈ ဦး ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၇၇၉၉၀၅၃ ဦး ရှိလာခဲ့သည်။

**ထို့အတူပင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများသည် ၁၉၈၈ ခုနှစ်က ၃၂ ကျောင်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၁၆၁ ကျောင်းအထိ ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်အဆင့်မြင့်ပညာသင် ဆရာ၊ ဆရာမ အင်အားမှာ ၅၆၃၈ ဦး ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၀၂၅၄ ဦး ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ် ကောလိပ် ပညာသင်ကျောင်းသား အင်အားမှာ ၁၃၄၃၂၅ ဦး ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၇၀၅၇၈၄ ဦး ရှိလာခဲ့သည်။ ယင်းအပြင် ၁၉၈၈ ခုနှစ်တွင် အဆင့်မြင့်ပညာပထမဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဂုဏ်ထူးတန်း၊ မဟာဘွဲ့၊ မဟာသုတေသန၊ ပါရဂူဘွဲ့ သင်တန်းပေါင်း ၇၉ ခု ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၉၂ ခု ရှိလာခဲ့သည်။**

ကျန်းမာရေးကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်တွင် ဆေးရုံဆေးခန်း၊ ကျန်းမာရေးဌာနခွဲတို့မှာ ၂၁၂၃ ခု ရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ၂၆၁၁ ခု ရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းပေါင်း ၃၃၈၃၀ ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၆၀၂၂၉ ဦး ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းပေါင်း ၁၀ ကျောင်းမျှသာရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ၃၇ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်လာနိုင်ခဲ့သည်။ ယင်းအပြင် ပြည်တွင်း၌ တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာများဖြစ်သည့် ဝန်ထမ်းဆရာဝန်များအတွက် အဆင့်မြင့်ဆေးလက်တွေ့ ပါရဂူဘွဲ့လွန်သင်တန်း (ဘာသာရပ်)၊ ဝန်ထမ်းဆရာဝန်များအတွက် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့သင်တန်း(ဘာသာရပ်)၊ ဝန်ထမ်းဆရာဝန်များအတွက် ဆေးပညာ မဟာသိပ္ပံသင်တန်း၊ ဝန်ထမ်းဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဒီပလိုမာသင်တန်း၊ ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း၊ ပြင်ပဘွဲ့ရများအတွက် ဒီပလိုမာသင်တန်းများသည် ၁၉၈၈ခုနှစ်အထိ လုံးဝဖွင့်လှစ်ပို့ချသင်ကြားနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် ယင်းဘွဲ့လွန်ဆေးပညာသင်တန်းပေါင်း ၉၄ ခုအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားလာနိုင်ခဲ့သည်။

ယင်းမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူ တို့၏ အကျိုးစီးပွားအတွက် ထိရောက်စွာ အလေးထားသုံးစွဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရန် အကျဉ်းမျှ ဖော်ပြခြင်းသာ ဖြစ်သည်။ အခြားသော ကဏ္ဍအသီးသီးတွင်လည်း ဘက်စုံတည်ဆောက်မြှင့်တင်ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

**မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်များ၊ ရေသယံဇာတ အရင်းအမြစ်များကိုလည်း တိုးချဲ့တူးဖော်ထုတ်လုပ်အသုံးချပြီး နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို ယင်းသို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံတော် လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြီး ဖြစ်တည်လာစေရန်တည်ဆောက်လျက်ရှိသည်။တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ရာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုက်နက်နယ်မြေကိုကာကွယ်စောင့်ရှောက်ရန်အတွက် ခေတ်မီတပ်မတော်တစ်ရပ် မရှိမဖြစ်တည်ရှိရန် လိုအပ်ပေသည်။**

ထို့ကြောင့်ပင် တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဘက်စုံကဏ္ဍစုံမြှင့်တင်ဆောင်ရွက်ပြီး အဆိုပါ အမျိုးသားရေးအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်လည်း အခြားတစ်ဖက်တွင် တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေခြင်းပင်ဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡**

**တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ရာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုက်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် ခေတ်မီ တပ်မတော်တစ်ရပ် မရှိမဖြစ်တည်ရှိရန် လိုအပ်ပေသည်။**

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။




## သမိုင်းအစဉ်အလာကောင်းသည့် တပ်မတော်

☆ အမျိုးသားရေး၊ ဦးစားပေးတတ်
မှန်မြတ်စေတနာ၊ ပိုင်ဆိုင်ပါသော
မြန်မာ့သမိုင်းကြောင်း၊ စဉ်လာကောင်းသည့်
သားကောင်းတို့၏ တပ်မတော်။

☆ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဝယ်
ထည်ထည်ဝါဝါ၊ နေခဲ့ပါသည့်
မြန်မာဒို့များ၊ ရှည်လျားသမိုင်း
ရှိန်ဝါလှိုင်းထပ်၊ မင်းမြတ်"အနော်ရထာ"
ဘုန်းသမ္ဘာတင့်၊ တေဇာမြင့်ခေါင်
"ဘုရင့်နောင်"နှင့်၊ ကုန်းဘောင်နွယ်ဖွား
"အလောင်းဘုရား"တို့၊ တည်ထားပထမ
ဒုတိယနှင့်၊ တတိယနိုင်ငံ
ပြိုင်စံရှားအောင်၊ တည်ထောင်စွမ်းထက်
စဉ်ဆက်နောင်တော်၊ တပ်မတော်များထုံး
ကျင့်သုံးဆင့်ကမ်း၊ အမွေခံလမ်းကို
လျှောက်လှမ်းချီတက်၊ ထက်မြက်စွမ်းရည်
စည်းလုံးညီသည့်၊ ခေတ်မီတပ်မတော်
ပေါ်ပေါက်စေရန်၊ အဓိဋ္ဌာန်ဖြင့်
အမွေခံကောင်းသည့် တပ်မတော်။

☆ ပြည်မြန်မာ၏၊ သည်းချာရင်နှစ် မျိုးချစ်ဖြစ်သော
စနစ်စည်းကမ်း၊ ကောင်းသတင်းလွှမ်းသော
မှန်သောသစ္စာ၊ ရှိလှစွာသော
စဉ်လာညီညွတ်၊ စည်းလုံးတတ်သော
သတ္တိဗျတ္တိ၊ စွမ်းရည်ရှိသော
မြတ်သည့်စိတ်ထား၊ စွန့်စွန့်စားသော
မထားအတ္တ၊ ပရအကျိုး၊ သယ်ပိုးတတ်သော
စိတ်ဓာတ်ခိုင်မာ၊ မြင့်မြတ်ပါသော
ကြံ့လာခက်ခဲ၊ ရဲစွမ်းရင်ဆိုင်၊ကျော်လွှားနိုင်သော
ခံနိုင်ဆင်းရဲ၊ ပင်ပန်းခဲသော
စိတ် ဖွဲ့ လုံ့လ၊ ဝီရိယရှိသော
ပြည့်တာဝန်များ၊ အရေးသုံးပါးကို
လေးထားမြဲမြဲ၊ ဦးထိပ်ပန်သော
နိုင်ငံ့သားမြတ်၊ ကျင့်အပ်စဉ်လာ
အင်္ဂါဆယ့်နှစ်ဖြာ၊ ပြည့်စုံပါသော တပ်မတော်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

ဖိုးရန်နိုင် (ကျောက်ကြီး)

## (၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

### တပ်မတော်စစ်သမိုင်းပြတိုက်

### ရွှေတိဂုံဘုရားလမ်း

(၂၆-၃-၂၀၀၇) မှ (၄-၄-၂၀၀၇)

**မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်**

➡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ခေတ်မီတပ်မတော်ဖွဲ့စည်းရေး၏ အဓိကရည်မှန်းချက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။

**စင်စစ် မည်သည့်နိုင်ငံမဆို မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်ရန်အတွက် မိမိတို့၏ တပ်မတော်ကို အင်အားခိုင်မာတောင့်တင်းပြီး စွမ်းရည်ထက်မြက်အောင် လေ့ကျင့်ထူထောင်ကြစမြဲဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်တွင် တပ်မတော်သည် အပါအဝင်ဖြစ်သည်။ နိုင်ငံတော်၏ လက်ရုံးသည် တပ်မတော်ဖြစ်သည်။ လောကနီတိကျမ်းအလိုအရ "ရာဇာနံမင်းတို့၏ ခနံ ဥစ္စာကား ဗလံ၊ ရဲမက်ဗိုလ်ပါတည်" ဟု ဆိုထားသည်။ စင်စစ် တပ်မတော်သည် နိုင်ငံတော်၏ လက်ရုံးလည်းမည်၏။ နိုင်ငံတော်၏ ဥစ္စာခနေလည်း မည်၏။**

မျက်မှောက် နိုင်ငံတကာရေးရာကို လေ့လာပါက စစ်အေးကာလပြီးဆုံးပြီဟုဆိုသော်လည်း မဟာအင်အားကြီးနိုင်ငံနှင့် အပေါင်းပါနိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအား ယင်းတို့၏ အလိုကျလက်ဝေခံ ဩဇာခံနိုင်ငံအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို အကြောင်းပြပြီး နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးခြင်းဖြင့် လည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုပင် အသိအမှတ်မပြုတော့ဘဲ စစ်ရေးအရ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခြင်းဖြင့်လည်းကောင်း ဗိုလ်ကျစိုးမိုးရေးနှင့် ခေတ်သစ်ကိုလိုနီဝါဒ ထူထောင်နိုင်ရေး ကြိုးပမ်းလုပ်ကြံလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထို့ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးနှင့် လုံခြုံရေးအတွက် ယင်းတို့၏ တပ်မတော်များကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြသည်။

ယင်းသို့ နိုင်ငံအသီးသီးတွင် ခေတ်မီတပ်မတော်များ တည်ဆောက်နေခြင်းသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့ဝါဒ၏ အန္တရာယ်ကို ကာကွယ်ရန်အတွက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

စင်စစ် စစ်အေးကာလပြီးဆုံးခဲ့ပြီဟူ၍ ဆိုထားသော်လည်း မဟာအင်အားကြီးနိုင်ငံများသည် အဏုမြူလက်နက် အပါအဝင် ခေတ်မီလက်နက်များ၊ သိပ္ပံနှင့်နည်းပညာစွမ်းအင်များကို ပိုင်ဆိုင်လျက်ရှိပြီး ခေတ်သစ်ကိုလိုနီဝါဒဖြင့် နိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ကျူးကျော်လျက်ရှိသည်။ ယင်းသို့ ကျူးကျော်ရာတွင် ကိုယ်တိုင်ဦးဆောင်ကျူးကျော်သကဲ့သို့ ပြည်ပြေးများ၊ သောင်းကျန်းသူများ အပါအဝင် အမျိုးသားသစ္စာဖောက်များအား လက်နက်ခဲယမ်း၊ ရိက္ခာငွေကြေးနှင့် နိုင်ငံရေးအရ ကူညီထောက်ပံ့အားပေးခြင်းတို့ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ကျူးကျော်လျက်ရှိသည်မှာ ကမ္ဘာသိ၊ မြန်မာသိပင် ဖြစ်သည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုသည်မှာ မွန်မြတ်ဖြောင့်မတ်သော ကျင့်စဉ်နှင့် အရေးကိစ္စများ ဖြစ်သော်လည်း ယင်းမွန်မြတ်ဖြောင့်မတ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းများကို နှောင့်ယှက်စွက်ဖက် ဖျက်ဆီးခြင်းဖြင့် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ အခြေခံလူ့အခွင့်အရေးဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကျူးကျော်ထိပါး ဖျက်ဆီးနေခြင်းဖြင့် လည်းကောင်း ခေတ်သစ်ကိုလိုနီဝါဒကို အသက်သွင်းထူထောင်နေကြောင်းကို မျက်မှောက်ကမ္ဘာ့ဖြစ်ရပ်များက သက်သေခံလျက်ရှိသည်။

ယင်းသို့ **"မျက်မှောက်ခေတ်၏ သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် တပ်မတော်ကို မရှိမဖြစ်သော အမျိုးသားနိုင်ငံရေးအင်အားစုကြီးအဖြစ် တည်ဆောက်နေကြခြင်း ဖြစ်သည်။"** မြန်မာနိုင်ငံအနေဖြင့် တပ်မတော်အင်အား တောင့်တင်းခဲ့သော ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့်သမိုင်း အခိုင်အမာ ရှိခဲ့ပြီးဖြစ်သည်။ ယင်းအပြင် လွတ်လပ်ရေးအကြိုကာလဖြစ်သော ၁၉၄၆ ခုနှစ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း အနာဂတ်နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြရေးအတွက် တေးပြုစာဆို ဆရာရွှေတိုင်ညွန့်အား **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဟူသော တိုင်းကျိုးပြည်ပြု တေးသီချင်းကို ရေးသားဖွဲ့ဆို တိုက်တွန်းနှိုးဆော်စေခဲ့သည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေ ကာကွယ်ရေးတို့နှင့်အတူ အမျိုးသားရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် ကမ္ဘာ့အလယ်တွင် အခွန့်ရှည်စွာ တည်တံ့ရေးတို့သည် မျက်မှောက်မြန်မာနိုင်ငံ သမိုင်းခေတ်၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ ယင်းအမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် နိုင်ငံတော်၏ ကျောရိုးမဏ္ဍိုင်သဖွယ် တည်ဆောက်သွားကြပါစို့ဟု (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားအပ်ပါသည်။ ။

▲ စာမျက်နှာ ၉ မှ

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် အဓိကအားဖြင့် **ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းနှင့် တံတားကြီး၊ တံတားငယ်ပေါင်း ၆၅ စင်းခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း။**

**ကသာ-ဗန်းမော် ရထားလမ်းမှာ စုစုပေါင်းခန့်မှန်းခရီးမိုင် ၉၇ မိုင် ရှိမည်ဖြစ်ပါကြောင်း။**

**အဆိုပါရထားလမ်းဖောက်လုပ်ခြင်းကြောင့် ကသာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၊ ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ ပြည်သူများ အပါအဝင် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ရေဝေရေလဲဒေသများ၌ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**သစ်တောရေးရာဝန်ကြီးဌာနက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံချက်ကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ (၅)နှစ်စီမံချက်ဖြင့် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။**

**လုပ်ငန်းစီမံချက်စတင်သည့် ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်း ၅၂၆၃၅၅ ဧက၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းလုပ်ငန်းဧက ၇၀၉၀၀၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဧက ၆၉၃၀၀၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ၁၁၂၇၇၃ ဧက ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။**

သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၆-၁၉၉၇ ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် ဆည်/ရေလှောင်တမံ၊ ရေကန်နှင့် ရေထွက်များ၏ ရေဝေရေလဲဒေသများ၌ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခု ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၀-၂၀၁၁ခုနှစ်အထိ ဆည်/ရေလှောင်တမံ၊ ရေကန်နှင့် ရေထွက်များ၏ ရေဝေရေလဲဒေသများ၌ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆည်/ရေလှောင်တမံ ၁၃၃ခု၊ ရေကန် ခုနစ်ကန်၊ ရေထွက် ၂၀ခုတို့၏ ရေဝေရေလဲဒေသအတွင်း ရေဝေရေလဲစိုက်ခင်း ၁၂၉၅၅၀ ဧက စိုက်ပျိုးတည်ထောင်ပြီး သဘာဝတော ၁၁၆၁၂၂၀ ဧကကို ပြုစုထိန်းသိမ်းသွားမည်ဖြစ်သည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိဂုံးချုပ် အမှာစကားပြောကြားရာ၌ **အထူးစီမံကိန်းများသည် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများဖြစ်၍ အလေးအနက်ထား အကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း။**

**ဗဟို၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ဝန်ကြီးဌာနအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့၍ ယနေ့တိုးတက်အောင်မြင်မှုများရရှိနေခြင်းဖြစ်ကြောင်း။**

**ရှေ့ဆက်လက် အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများကိုလည်း ယခုကဲ့သို့ အပြန်အလှန် ဆက်စပ်ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းကူညီရိုင်းပင်းမှုတို့ဖြင့် တက်တက်ကြွကြွ အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။**

**ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်း၊ အခြေခံကောင်းများ၊ ခိုင်မာစွာ ရရှိဖြစ်ထွန်းမှာဖြစ်ကြောင်း။**

**မိမိတို့ အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းကြီးများ ပြည့်စုံအောင်မြင်သွားသည့်အချိန်၌ နိုင်ငံတော်ကြီး မည်ကဲ့သို့တိုးတက်ဖွံ့ဖြိုးနေမည်ဆိုသည့် ပုံသဏ္ဌာန်ကို မိမိတို့မှန်းဆကြည့်၍ ရနေပြီဖြစ်ကြောင်း။**

**ထို့ကြောင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်များကို ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ကို အလုပ်အကျွေးပြုမည်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် စိတ်စေတနာဖြင့် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်း လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်းဖြင့်** မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)



မြန်မာ့မီးရထားမှ တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကျော-ရေမျက်နှီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်လိုဏ်ဖွင့်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်ကကျင်းပရာ ပုံညာတောင်ဥမင်အတွင်းမှ ခရီးသည်တင်ရထားတစ်စင်း ခုတ်မောင်းလာစဉ်။

# ဘဒ္ဒန္တ ပဏ္ဍိတ၏ စိန်ရတုမွေးနေ့ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၏ ဦးစီးပဓာနနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတ၏ (၇၅)နှစ်မြောက် စိန်ရတုဝိဇာတ မွေးနေ့မင်္ဂလာကို မတ် ၂၆ရက်နှင့် ၂၇ရက်တို့တွင် ယင်းစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

# အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ မြန်မာဖူဆယ် လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၄**

မတ် ၂၆ရက်မှ ၃၁ ရက် အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝင်းသူမိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြချုပ်အဖြစ် Mr.Takao Sakae၊ လက်ထောက်နည်းပြအဖြစ် ဦးဖေခင်၊ သူနာပြုအဖြစ် ဦးဘကြိုင်၊ အားကစားသမားများအဖြစ် အေးမင်းဝင်း၊ ထွန်းလင်းအောင်၊ အောင်မိုး၊ လာကျဲအိုလွယ်၊ ညွှန့်ဝင်း၊ ဖြိုးမင်းမောင်(ဂိုး)၊ စိုးမင်းဦး၊ မြကိုမင်း (ဂိုး)၊ တင်မင်းထွန်း၊ ကျော်ဇင်ညွှန့်၊ ကျော်ဒွန်းနှင့် မောင်မောင်ဌေးတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း ယှဉ်ပြိုင်ရန် မတ် ၂၄ရက်က ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် (က)အုပ်စု၌ မလေးရှား၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ (ခ)အုပ်စု၌ မြန်မာ၊လက်ရှိချန်ပီယံထိုင်း၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် မတ် ၂၆ ရက်တွင် ဘရူနိုင်း၊ ၂၇ရက်တွင် ထိုင်း၊ ၂၈ ရက်တွင် ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ကြေးမုံ)



# မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့)နံနက်ရနာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း အမှတ်(၁) စက်မှုဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် နေထိုင်ကြသော မြို့သစ်မြို့နယ်(ရန်ကုန်) အသင်းဝင်များရော အသင်းမဝင်ရသေးသူ မြို့နယ်သူ၊ မြို့နယ်သားများပါ တက်ရောက်ပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၉၂၂၁၊ ဦးသန်းရွှေ ဖုန်း-၆၃၆၀၇၁၊ ဦးမြသော် ဖုန်း-၆၆၆၈၀၄၊ ဦးသာအောင် ဖုန်း-၆၄၁၆၇၉၊ ဦးတင်အောင် ဖုန်း-၅၆၁၇၇၁နှင့် ဦးမောင်လှ ဖုန်း-၅၃၇၃၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**မီးဘေးရှောင် မလောင်ခင်တား**

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ဗဟုသုတဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

၂၀၀၇ ခုနှစ် မတ် ၃၁ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ "Quality of Motion Picture" ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

ပထမပိုင်းတွင် Studio 35 မှ ဦးတင်မောင်ဝင်းနှင့် ဦးကျော်စိုးလွင်တို့က ဟောပြောကြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် "ဒီဂျစ်တယ်ရုပ်ရှင်"အကြောင်းကို ဦးမျိုးဝင်းက ဟောပြောမည်ဖြစ်သည်။ ရုပ်ရှင်ဗီဒီယို စိတ်ဝင်စားသူတိုင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ အခမဲ့တက်ရောက်လေ့လာနိုင်ကြပြီး တက်ရောက်လေ့လာသူများ၏ မေးခွန်းများကိုလည်း ဆွေးနွေးဖြေကြားပေးကြမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဟောပြောဆွေးနွေးပွဲများ၊ ရုပ်ရှင်ဗီဒီယိုပြသမှုများ အခါအားလျော်စွာ ဆက်လက်ကျင်းပသွားမည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မိဘလုပ်ကျွေးဘေးရန်ဝေး တရားတော် (ဒုတိယပိုင်း) [နိုင်ငံကျော်ဓမ္မကထိကဂန္ထဝါစကပဏ္ဍိတသဒ္ဓမ္မဇောတိကဓဇနိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟင်္သာ)]
၇း၅၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ ကြည့်စွအယူခန္ဓာ့အလှူဓမ္မနှင့်လူ
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ နိုင်ငံတကာအနုပညာရေးရာ
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀ ပညာအလှူပေးဝေလှူမယ် "ဆုကြီးပန်တောင်ပေါ်ဝယ်"
၁၀း၁၀ Music Talk (ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
၁၀း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅ အသည်းရောဂါဆိုတာဘာလဲ (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း)
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(ကျွဲကောသီး)
၁၁း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅ နည်းပညာသစ်ဆန်း ပြည်တွင်းလျှပ်စစ်ရဲ့အစွမ်း
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၂၀ မိုးလေဝသခန့်မှန်းချက်
၁၂း၂၅ ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၂း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅ ICT CARAVAN (2007)(ဘားအံခရီးစဉ်)
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကြက်၊ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြော

**ရန်ကုန် မတ် ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျင်းပသော ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲကို မတ် ၁၈ရက် မွန်းလွဲ ၂ နာရီက လှိုင်မြို့နယ် အလက(၄) ခန်းမ၌ပြုလုပ်ရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာသန်းလွင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာသီရိနွယ်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ (က-ပ)



# စစ်တောင်း (ဆတ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းပိုင်း ဖောက်လုပ် နေပြည်တော်မှ ရထားများ ပဲခူးသို့မဝင်ဘဲ မော်လမြိုင်သို့ တိုက်ရိုက်ပြေးဆွဲနိုင်မည်

နေပြည်တော် မတ် ၂၄

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ မတ် ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်း၊ ပဲခူးတိုင်း ပျဉ်ပုံကြီးနှင့် ကတုတ်အကြား မိုင်တိုင်(၆၇)သို့ရောက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်း ဒါရိုက်တာ ဦးကျော်ဝေက ရထားလမ်းပေါ်၌ ပါကင်ရိုက်စက်ဖြင့် ဇလီဖားတုံးများကို နေသားတကျဖြစ်အောင် အထိုင်ချနေခြင်းကို ရှင်းလင်းပြသသည်။**





**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေက ရထားလမ်းပေါ်၌ ကျောက်ဖွ၊ ကျောက်ညှိ ပုံဖော်စက်ဖြင့် သံလမ်းနှင့် ဇလီဖားတုံးများအကြား ကျောက်ဖြည့်တင်းခြင်းနှင့် ဖြည့်ပြီး ကျောက်များ ပုံဖော်ခြင်း သံလမ်းရေချိန်ညှိ ဆောင်ရွက်နေခြင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်(၆၆/၂၀-၂၂)သို့ ရောက်ရှိပြီး သံလမ်းသုံးချောင်း ဆက်ထားသော အရှည် ၁၁၇ပေရှိ သုံးချောင်းဆက် သံလမ်းများဖြင့် လဲလှယ်ခင်းခြင်းကို လိုက်လံစစ်ဆေးပြီး ဝန်ကြီးက ပါကင်ရိုက်စက်နှင့် ကျောက်ဖွ၊ ကျောက်ညှိ ပုံဖော်စက်တို့ကို စနစ်တကျ အကျိုးရှိစွာ အသုံးချစေရန်နှင့် သုံးချောင်းဆက် သံလမ်းခင်းခြင်းကို အမြန်ဆုံးအစားထိုး ပြင်ဆင် လဲလှယ်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဒိုက်ဦးဘူတာသို့ ရောက်ရှိပြီး ဒိုက်ဦး ဘူတာမှ (ဒိုက်ဦး-မြစ်ကျိုးရထားလမ်းသစ်)အတိုင်း RBE ရထားတွဲဖြင့် စီးနင်းလိုက်ပါပြီး ရထားလမ်းပိုင်းကို စစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် သံလမ်းပြေးယာဉ်ဖြင့် ရထားလမ်းတစ်လျှောက် စီးနင်း၍ လိုက်လံစစ်ဆေးပြီး အရှည် ၃၅၂ပေ စစ်တောင်းတူးမြောင်း တံတားကို သံလမ်းပြေးယာဉ်ဖြင့် ဖြတ်သန်း မောင်းနှင စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက တံတားများကို သတ်မှတ် စံချိန်စံညွှန်း ပြည့်မီစေရေးနှင့် သတ်မှတ်ရက်အမီ ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး-ဆတ်သွားလမ်းအတိုင်း သံလမ်းပြေးယာဉ်ဖြင့် ရထားလမ်းတစ်လျှောက် ကျောက်ဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုစစ်ဆေးပြီး ဆတ်သွားကုန်းဘူတာ၌ ဘူတာတည်ဆောက်မှုနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုကို လိုက်လံစစ်ဆေးသည်။

စစ်တောင်း(ဆတ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းသည် ၂၄မိုင်ရှည်လျားပြီး တံတား ၂၀စင်းနှင့် ဘူတာခြောက်လုံးပါရှိမည်ဖြစ်သည်။

စစ်တောင်း(ဆတ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းပိုင်းသည် နေပြည်တော်မှ မော်လမြိုင်သို့ ရထားများ တိုက်ရိုက်ပြေးဆွဲနိုင်ရန်အတွက် ပဲခူးမြို့သို့ ဝင်ရောက်ခြင်းမပြုတော့ဘဲ ပဲခူး-မုတ္တမ ရထားလမ်းပေါ်ရှိ စစ်တောင်းတံတား အနောက်ဘက် ဆတ်သွားကုန်းဘူတာမှ စတင်လမ်းခွဲပြီး ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ ဒိုက်ဦးမြို့သို့ ဆက်သွယ်ပေးမည့် ဖြတ်လမ်းရထားလမ်းဖြစ်သည်။ ဤရထားလမ်းသည် ၂၄ မိုင်ရှည်လျားပြီး ပဲခူးမြို့မှတစ်ဆင့် ဖြတ်သန်းသွားလာရန် မလိုတော့သည့်အတွက် ခရီးမိုင်သည် ယခင်ထက်မိုင် ၄၀ လျော့နည်း သက်သာသွားမည်ဖြစ်သည်။

ဤရထားလမ်း ဖွင့်လှစ်ပြီးပါက ထားဝယ်မြို့မှ မြစ်ကြီးနားမြို့အထိ အဓိကလမ်းကြောင်းအဖြစ် တစ်ဆက်တည်း ရထားလမ်း တောက်လျှောက် ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ မင်းကွန်း ဓမ္မရောင်ခြည်စာသင်တိုက် နှစ်ထပ် ဆွမ်းစားဆောင်အတွက် မင်္ဂလာဒုံမြို့နယ် ပလရအိမ်ခြေ ၅၀ နေ အလှူရှင် ဦးမြင့်ခိုင်-ဒေါ်ခင်ရီ မိသားစုက ဆရာတော် ဘဒ္ဒန္တအတုလ (သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူဥဘတော ဝိဘင်္ဂကောဝိဒ)ထံ ငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (၅၃၂)

# မြောင်းမြမြို့နယ် အသင်း ဆွမ်းဆန်စိမ်းလောင်းမည်

**ရန်ကုန် မတ် ၂၄**

မြောင်းမြမြို့နယ်တွင် နှစ်စဉ်ကျင်းပသော မြို့နယ်လုံးကျွတ် သံဃဒါန ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက် (ဧပြီ ၁၇ ရက်) အင်္ဂါနေ့ ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ရောက် မြောင်းမြမြို့နယ်သူ၊ မြို့နယ်သားများအတွက် ပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် လှူဒါန်းရန် အသင်းမှ စီစဉ်ထားသည်။ မြောင်းမြမြို့သို့ မိမိတို့ အစီအစဉ်ဖြင့် သွားရောက်ရန်နှင့် ပဒေသာပင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယ ဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း-၀၉-၅၁၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း-၀၀-၂၂၅၃၇၅၊ ဒုတိယ ဗိုလ်မှူးကြီး သက်စိုး (ငြိမ်း) ဖုန်း-၇၀၇၅၁၄၊ အတွင်းရေးမှူးများအဖွဲ့ ဖုန်း-၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၂၅၁၃၂၃ နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈တို့ထံ ဧပြီ ၁၀ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ စာရင်းနှင့် အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# သင်္ကြန်တွင်းတရားစခန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉) ရပ်ကွက် နဝရတ်ပတ်လမ်း မူလမင်းကွန်းဓမ္မရိပ်သာ၌ သင်္ကြန်တွင်း တရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ ရက်ထိ ၁၀ ရက်တိုင်တိုင် ဖွင့်လှစ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၄၇၂၈၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

# မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် မတ် ၂၄**

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ ဦးစီး၍ သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းကို ဧပြီ ၈ရက်တွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်းအချိုပွဲ၊ အအေး လှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂သို့ ကြိုတင်ဆက်သွယ် ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)





**အမက(၁၃)တာမွေ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၀ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမေသင်းခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမေ ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ အပ်ချုပ်စက်များပေးအပ်

ရန်ကုန် မတ် ၂၄

**ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၈ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်ကိုမှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ဧည့်ပရိသတ်များသည်ခန်းမတွင်း၌ ပြသထားသည့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းတင် ဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး(**အပေါ်ပုံ**) ရုံးခန်းမအတွင်း ကျင်းပသော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာရှိ စက်ကြီးပန်းထိုးလုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီးများအား အပ်ချုပ်စက် ၁၅ လုံး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အပ်ချုပ်စက် ၁၅ လုံး ထောက်ပံ့ပေးအပ်ခဲ့ရာ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ ရိုးကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးက လက်ခံရယူခဲ့ပြီး စက်ကြီးပန်းထိုးသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာ ဒုတိယအကြိမ် လှပျိုဖြူရွေးချယ်ပွဲ - ၂၀၀၆

VCD

Organized By
ဆိုက်တီးဟုမ်း
Since 1995

Co Sponsor
Lucky Purified Drinking Water
idEa Digital Inkjet Printing
O2 HAIR SHAMPOO
THE BEST BED COVER
မင်္ဂလာ ပရိဘောဂဈေး

ဖြန့်ချိရေး
ချိုကြည်သာ
ထွက်ပြီ



စီထွာ
SETRA
DIGITAL WEIGHING SCALE
"Smart Choice for Smart Business"

ရန်ကုန်ရုံးချုပ်
အမှတ် (၁၆၅)၊ သိရိမ္ဂန် (၁၀)လမ်း၊
ဘုရင့်နောင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။
Ph : 01-683230, 01-727375, 09-5016243



စိန်ချိန်စက်များနှင့် ပတ်သက်၍ ရန်ကုန်ရုံးချုပ်သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

စိန်ချိန်သောစက်မှ ကားချိန်သော ကတ္တားအထိ ဝန်ဆောင်မှုအပြည့်ဖြင့် ရောင်းချပေးနေပါသည်။

မန္တလေး
သမ္မာဓိ ကတ္တား
Ph : 02-63007, 02-63197

မုံရွာ
ဝင်းညီနောင် ပွဲရုံ
Ph : 071-25134, 071-25491

ဟင်္သာတ
ရွှေကြာ ပဲမျိုးစုံရောင်းဝယ်ရေး
Ph : 044-21186, 044-21919

ပခုက္ကူ
ရတနာဝင်း ပွဲရုံ
Ph : 062-21634, 062-21234

ပြီတ်
ဦးချစ်ဟို ရေလုပ်ငန်းသုံးပစ္စည်းဆိုင်
Ph : 059-41429, 059-41659


## သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင်း ၊ပြုစုထိန်းသိမ်းခြင်းနှင့် သစ်စေ့ကိုင်တွယ်သိုလှောင်ခြင်းသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO) တို့ ပူးပေါင်းစီစဉ်သော ကျွန်းမျိုးရိုး ဗီဇများကို ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းစီမံကိန်းတွင်ပါဝင်သော သစ်စေ့ထုတ်ဧရိယာ တည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် သစ်စေ့ကိုင်တွယ်သိုလှောင်ခြင်း သင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ကျင်းပရာ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းလှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သစ်တောဦးစီးဌာနမှ တောအုပ်၊ တောခေါင်းနှင့် ဒေသခံပြည်သူများ အပါအဝင် သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


ပညာရွှေတောင်စာအုပ်တိုက်
မြန်မာနှစ်သစ်အကြို အထူးဈေးရောင်းပွဲ
(၂၄ မတ်လ ၂၀၀၇ မှ ၃၀ မတ်လ ၂၀၀၇ အထိ)
ပညာရွှေတောင် တိုက်ထုတ်စာအုပ်များ
၃၀% ၅၀% အထူးလျှော့ဈေး
တခြားတိုက်ထုတ်စာအုပ်များ ၅%လျှော့ဈေး
အမှတ် (၉၀၉၂)
ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၂၄၀၆၉၀၊ ၃၈၈၇၁၈


## သဲအင်းဂူ တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၂၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲအင်းဂူတရားစခန်းကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် ကျောက်ရေတွင်းမြောက်ပိုင်း ရန်ကြီးအောင်လမ်းရှိ ချင်းတွင်းခမ္မရိပ်သာကျောင်းတွင် ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်ကျင်ကျေးရွာ သီရိမ္မော တောရကမ္မဋ္ဌာန်းကျောင်းနှင့် ချင်းတွင်းခမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသံဝရာစာရ(တန့်ဆည်) တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းနှင့် စခန်းဝင်လိုသူများသည် ဖုန်း ၆၅၁၀၈၁ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

## မီးဘေးဒုက္ခသည်များအတွက် ဖျာပုံအသင်း၌လှူဒါန်းနိုင်

**ရန်ကုန် မတ် ၂၄**

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမာမြို့ဘုန်းကြီးသောင်ကျေးရွာမှ မီးဘေးဒုက္ခသည် အိမ်ထောင်စုများအတွက် ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်း၊ အဝတ်အထည်များ လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) အမှတ် (၃၀) ဘိုကလေးဈေးလမ်း ဗိုလ်တထောင် မြို့နယ် ဖုန်း-၃၉၂၁၇၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မတ် ၈ ရက်တွင် (၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလွင်တို့ နယ်လှည့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)





## မြန်မာအတာသင်္ကြန်အထိမ်းအမှတ် အထူးဈေးရောင်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၄**

Panasonic (S' pore) နှင့် Advanced Vision Co., Ltd တို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာ အတာသင်္ကြန် အထိမ်းအမှတ် အထူးဈေးရောင်းပွဲ ဖွင့်ပွဲကို မတ် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Advanced Vision Co., Ltd မန်နေဂျင်း ဒါရိုက်တာဦးထွန်းဝေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး(အပေါ်ပုံ) မြန်မာအတာသင်္ကြန်အထိမ်းအမှတ် အထူးဈေးရောင်းပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများအား ညစာဖြင့်တည်ခင်း ဧည့်ခံသည်။

အရောင်းမြှင့်တင်ရေးကာလ မတ် ၁၈ ရက်မှ မေ ၃၁ ရက်အတွင်း Panasonic အမှတ်တံဆိပ် အာမခံကတ်ပြားပါသည့် လျှပ်စစ်ပစ္စည်းများဖြစ်သည့် Plasma TV, LCD TV, Flat Color TV,DVD Hometheater, DVD Mini-Hifi, DVD Player, Digital Still Camera၊ ကျန်းမာရေးနှင့် အလှအပပစ္စည်းများ ဝယ်ယူသူတိုင်းအတွက် လက်ဆောင်ပစ္စည်းများ ရရှိမည့်အပြင် အထူးအခွင့်အရေးအဖြစ် ဝယ်ယူသည့် ပစ္စည်းတန်ဖိုးနှင့်ညီမျှသော ငွေသား ပြန်အမ်းငွေကို ပြန်လည်ရရှိမည့် ကံစမ်းမဲအစီအစဉ်များပါရှိသည်။

အာမခံကတ်ပြားပါသော ရုပ်သံပစ္စည်းများ၊ ကျန်းမာရေးနှင့် အလှအပသုံးပစ္စည်းများကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များ၊ စူပါမားကတ်များနှင့် Advanced Vision Co., Ltd အမှတ်(၂၈၅) ဗိုလ်အောင်ကျော်လမ်း ဖုန်း- ၂၅၆၆၂၀ နှင့် ၂၄၆၅၁၃ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
| --- | --- | --- |
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး | * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၇ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကော့စ်တပ်စ် ကာရာမန်လစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြန်လည်ဦးမော့လာနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုဖြစ်ပွား တီဘီဝေဒနာရှင်များကို စောစောရှာတွေ့ရန်နှင့် နေ့စဉ်မှန်မှန် ဆေးသောက်ရန်အတွက် ကြီးကြပ်တိုက်ကျွေးပေးရန် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုက အင်တိုက်အားတိုက် ကူညီနေ

နေပြည်တော် မတ် ၂၄

**"တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေး ဆောင်ရွက်စို့" (TB Anywhere is every where) ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ အမျိုးသားကျန်းမာရေး ကော်မတီဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက တိုင်းမှူး၏ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ Country Co-ordinating Body မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် INGO များမှ တာဝန်ရှိသူများ၊ အမျိုးသား တီဘီတိုက်ဖျက်ရေးစီမံကိန်း ဗဟိုနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ ကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း များကို ပူးပေါင်းဆောင်ရွက်ကြ သည့် အဖွဲ့အစည်းများ၊ သူနာပြု များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ ဝင်များနှင့် အခြားဖိတ်ကြားထား သူများ တက်ရောက်ကြသည်။






**၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

အခမ်းအနားတွင် ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားရာတွင် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက် ရေးနေ့သည် တီဘီရောဂါပိုးကို စတင်တွေ့ရှိသည့် အထိမ်းအမှတ် အဖြစ် မတ်လ ၂၄ ရက်နေ့ကို သတ်မှတ်ပြီး ၁၉၉၆ ခုနှစ်က စတင်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ခဲ့သည်ဟု သိရ ကြောင်း၊ တီဘီရောဂါသည်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** *

## ကြေးမုံ (၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါး၊ ကဗျာ၊ ကာတွန်း အညွှန်း

☆ **"တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဘက်စုံကဏ္ဍစုံ မြှင့်တင်ဆောင်ရွက်ပြီး အဆိုပါ အမျိုးသားရေး အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်လည်း အခြားတစ်ဖက်တွင် တပ်မတော်ကို ခေတ်မီ တပ်မတော်အဖြစ် တည်ဆောက်နေခြင်းပင်ဖြစ်သည်။ ခေတ်မီတပ်မတော်ဖွဲ့စည်းရေး၏ အဓိကရည်မှန်းချက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းသာဖြစ်သည်"** ကြယ်ဖြူ၏ **"ခေတ်မီတပ်မတော် တည်ဆောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်"**

(ဆောင်းပါး) စာမျက်နှာ-၆၊၇

☆ ဖိုးရန်နိုင်(ကျောက်ကြီး)၏ **"သမိုင်းအစဉ်အလာကောင်းသည့် တပ်မတော်"** (ကဗျာ) စာမျက်နှာ-၇

☆ မင်းဦး(ဒဿန)၏ **"တပ်မတော်သားတစ်ဦးရဲ့ ဘဝဟာ"** (ကာတွန်း) စာမျက်နှာ-၇

## သာယာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**